# ဓမ္မပဒ အလှကဗျာ မြတ်ရွှေစာ–၁



မနေ့ ဩဂုတ်လ (၉) ရက် စနေနေ့က လူငယ်များအတွက် နွေရာသီယဥ်ကျေးမှုသင်တန်း ပြီးဆုံးတယ်။ သင်တန်းမှာ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းသားတွေ (၇၀) တက်ရောက်ခဲ့တယ်။ သူတို့သင်တန်းပြီးဆုံးသွားတော့ လူရွယ်တွေ လူကြီးတွေအတွက် သင်ပေးနေတဲ့ ရတနာ့ဂုဏ်ရည် ဓမ္မစာပေသင်တန်းအတွက် ပြင်ဆင်ရတယ်။ ဒီသင်တန်းကိုတော့ အပတ်စဉ် တနင်္ဂနွေညနေတိုင်းမှာ ပြုလုပ်တာပါ။ သင်တန်းမှာ စာရေးသူက ဓမ္မပဒ အလှကဗျာ မြတ်ရွှေစာ–ဆိုတဲ့ ခေါင်းစဉ်နဲ့ ဓမ္မပဒကျမ်းစာကို တာဝန်ယူသင်ကြားပေးနေတယ်။ ခုဆို သင်ကြားလာတာ သုံးပတ်ရှိပြီ။ သင်တန်းတက်ရောက်သူတွေက ရှစ်ဆယ်နဲ့ တစ်ရာကြားမှာ။ ဆယ့်ငါး၊ ဆယ့်ခြောက် အရွယ်ကနေ ခုနစ် ဆယ်ခန့်အထိ၊ အရွယ်စုံ။

ဓမ္မပဒကျမ်းစာက တွေးတောစရာ၊ အတုယူစရာ၊ လိုက်နာဆင်ခြင်စရာတွေ များတဲ့ကျမ်း။ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ ပညာရှင်တွေ လွန်စွာသဘောကျတဲ့ကျမ်း။ ဓမ္မပဒကျမ်းစာနဲ့ပတ်သက်ပြီး ပညာရှင်တွေ ရှုထောင့်အမျိုးမျိုးက ချီးမွမ်းထားကြတာကို တော်တော်များများ ဖတ်ဖူးတယ်။ ကိုယ်တိုင်လည်း ကြားရဖူးတယ်။ ကာလီဖိုးနီးယားက ကောလိပ်တစ်ခုနဲ့ တက္ကသိုလ်တစ်ခုမှာ ဖီလိုဆိုဖီ၊ ဆိုစယိုလော်ဂျီနဲ့ ဆိုက်ကော်လော်ဂျီအတန်းတွေယူနေခိုက် အံ့ဩစွာပဲ ဖီလိုဆိုဖီ အတန်းများမှာလည်း ဗုဒ္ဓအဆုံးအမများကို သင်ကြားပေးတာတွေ့ဖူးတယ်။ ဆိုစယိုလော်ဂျီဆရာတစ်ဦးကလည်း ဗုဒ္ဓဟာ လူမှုရေးသိပ္ပံပညာရှင်ကြီးတစ်ဦးတဲ့။ သူသက်သေပြတာက ဓမ္မပဒကျမ်းလာ စာတစ်ပုဒ်။ ဆိုက်ကော်လော်ဂျီမှာတော့ မက်ဒီတေးရှင်းနဲ့ စိတ်ဘယ်လောက်ဆက်နွယ်တယ်ဆိုတာ သုတေသနပြုထားချက်များနဲ့အတူ သင်ပြတာကို တွေ့ကြုံရဖူးတယ်။

နောက်ပြီး ဗုဒ္ဓဟောပြောချက်တွေအကြောင်းပြောလျှင် သူတို့တွေ ညွှန်းတတ်တာက ဓမ္မပဒထဲက ဆုံးမချက်တွေသာ ဖြစ်နေတတ်တာများတယ်။ ဒါကလည်း ဓမ္မပဒကျမ်းစာက ဘာသာခြားပညာရှင်များကြားမှာ ပိုမိုပြန့်နှံ့နေတာကြောင့်လည်း ဖြစ်နိုင်မယ်ထင်ပါတယ်။

လူငယ်တွေ တက်တက်ကြွကြွနဲ့ဦးစီးပြီး ဓမ္မစာပေသင်တန်းတစ်ခုပို့ချပေးဖို့ စာရေးသူကိုလာလျှောက်တော့ ပထမဆုံး စိတ်ထဲပေါ်လာခဲ့တာက ဓမ္မပဒကျမ်းပဲဖြစ်တယ်။ ဒါကြောင့် ဓမ္မပဒ အလှကဗျာ မြတ်ရွှေစာဆိုတဲ့အမည်နဲ့ သင်ကြားပေးမယ်လို့ အာမဘာန္တေခံလိုက်တယ်။

ဓမ္မပဒမှာက ဗုဒ္ဓဟောကြားခဲ့တဲ့ ဂါထာပါဠိရှိရယ်၊ ဒီဂါထာတွေကို ဘယ်နေရာမှာ ဘယ်သူ့ကိုဦးတည်ပြီး ဘာကြောင့် ဟောတော်မူထားခဲ့ရတယ်ဆိုတာတွေကို ဖွင့်ပြထားတဲ့ ဝတ္ထုဇာတ်လမ်း အကျယ်ပါဝင်တဲ့ အဋ္ဌကထာရယ်လို့ရှိတယ်။ တကယ်တော့ စာရေးသူက ဇာတ်လမ်းတွေ၊ ပုံပြင်တွေပြောတာ ဝါသနာမပါလှဘူး။ သို့ပေမယ့် ဓမ္မပဒကို သင်ပေးတယ်ဆိုတော့ ပိုမိုအမှတ်ရစေဖို့နဲ့ စိတ်ဝင်စားမှုလည်းရှိအောင်ဆိုပြီး အဋ္ဌကထာမှာလာတဲ့ သက်ဆိုင်ရာ ဇာတ်လမ်းကိုလည်း အကျဉ်းချုံး ပြောပြပေးပါတယ်။

သုံးပတ်မြောက်အဖြစ်သင်ကြားပေးခဲ့တဲ့ ဒီနေ့ ဩဂုတ်လ (၁၀)ရက်နေ့မှာတော့ ယမကဝဂ်လာ ဒေဝဒတ္တဝတ္ထုနှစ်ခုကို ပေါင်းပြီးသင်ပေးပါတယ်။ အထောက်အပံ့ အကူအဖြစ် ဆရာကြီးဦးရွှေအောင်ရဲ့ ဓမ္မပဒကိုလည်း အသုံးပြုပါတယ်။
သင်ကြားပေးနေရင်းပဲ တစ်သိန်းတန်ပုဆိုးကို အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ကို ကျော်လွန်ပြီး အရှင်ဒေဝဒတ်ကိုလှူဒါန်းဖို့ လူအများစုက ထောက်ခံမဲပေးကြပုံအကြောင်းရောက်တော့ အဋ္ဌကထာဆရာရဲ့ ပြန်ပြောပြတဲ့ အရှင်ဒေဝဒတ်တပည့်တွေရဲ့စကားလေးကို သဘောကျမိတယ်။ သင်ကြားပေးနေစဉ်မို့ စိတ်ထဲပေါ်လာသမျှ

ထုတ်မပြောဖြစ်လိုက်ပေမယ့် ရုတ်တရက်ပဲ အတွေးတန်းက အရှည်ကြီးဖြစ်သွားတယ်။ အလျင်းသင့်လျင် စာရေးဖို့ အထိပါ အတွေးပေါ်ခဲ့တယ်။

အဋ္ဌကထာဆရာပြန်ပြောပြတဲ့စကားကို မူရင်းအတိုင်းမြန်မာပြန်ပြောရလျှင် ' အရှင်သာရိပုတ္တရာကိုယ်တော်ကြီးက စပါးရိတ်သိမ်းချိန်လောက်မှာသာ ခဏလာပြီး ပြန်ကြွသွားလေ့ရှိတယ်။ အရှင်ဒေဝဒတ်ကတော့ ဒီအရပ်မှာပဲနေပြီး တို့တွေရဲ့ ဒုမင်္ဂလ သုမင်္ဂလအမှုတွေမှာ ဝိုင်းဝန်းကူညီစောင့်ရှောက်မှုပေးလို့ တို့တွေအတွက် အပေါင်းအဖော်လိုပဲ အားကိုးရာ စစ်စစ်ဖြစ်တယ်။ မြဲမြံစွာ မလှုပ်မရှားတည်နေတဲ့ အိုးကြီးသဏ္ဍာန်ဖြစ်တယ်၊ ဒါကြောင့် အရှင်ဒေဝဒတ်ကို လှူဒါန်းကြမယ်' လို့ ဆုံးဖြတ်ကြတယ်။

ပစ္စည်းဝတ္ထုတွေ ဝေဘန်မှုပြုတဲ့အခါမှာ ထေရ်ကြီးဝါကြီး ဂုဏ်သိက္ခာကြီးမားသူတွေကို ဦးစားပေးလေ့ရှိတာ သာသနာအစဉ်အလာ၊ ယဉ်ကျေးမှုအစဉ်အလာဖြစ်တယ်။ ဒီအစဉ်အလာ အဲဒီခေတ်အခါကလည်း ရှိနေမှာ မလွဲပါဘူး။ အထူးသဖြင့် သာကီနွယ်က ဆင်းသက်လာတဲ့ အရှင်ဒေဝဒတ် အသိုင်းအဝိုင်းမှာတော့ ရှိမှာ သေချာပါတယ်။ သို့ပေမယ့် အရှင်ဒေဝဒတ်ကိုလှူဖို့ ထောက်ခံသူတွေကတော့ ဒီအစဉ်အလာကိုချိုးဖျက်ပြီး နီးစပ်ကျွမ်းဝင်ရာ အရှင်ဒေဝဒတ်ကို လှူဒါန်းဖို့ဆုံးဖြတ်ပါတယ်။ ချစ်ခင်ရင်းနှီးတဲ့အတွက် ဆုံးဖြတ်ချက်မှားယွင်းခြင်းလို့ ဆိုနိုင်ပါမယ်။ အရှင်ဒေဝဒတ်ကလည်း အစဉ်အလာကိုချိုးဖောက်ကာ တစ်သိန်းတန်ပုဆိုးကို အလှူခံခဲ့တယ်။ ပုဆိုးကိုသာ သူရလိုက်ပေမယ့် ယဉ်ကျေးမှုအစဉ်အလာကို သိသိနဲ့ချိုးလိုက်ရသလို သူ့မှာရှိနေတဲ့ ကျင့်ဝတ်သိက္ခာကိုလည်း သူ အများကြီးပေးလိုက်ရပါတယ်။ 'ကိလေသာတွေအုပ်မိုးနေပြီး စောင့်ရှောက်ထိန်းသိမ်းရမည့် တ္ထန္ဒြေသိက္ခာကိုလည်း မစောင့်ထိန်း၊ မှန်ကန်စွာလည်းပြောဆိုလေ့မရှိတဲ့သူမျိုးနဲ့ ဖန်ရည်ဆိုးတဲ့သင်္ကန်း မတန်ဖူးရယ်'လို့ မြတ်ဗုဒ္ဓရဲ့ ကဲ့ရဲ့စကားကိုခံရတဲ့ အထိ ပေးဆပ်ခဲ့ရတာပါ။ ဘုရားရှင်လို ပညာရှိပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးရဲ့ ကဲ့ရဲ့စကားကို ခံရခြင်းဟာဖြင့် အလွန်မှပင် နစ်နာလွန်းပါတယ်။ သို့ပေမယ့် အရှင်ဒေဝဒတ်ကတော့ ဒါကိုမမှုပါဘူး။ တစ်သိန်းတန်သင်္ကန်းကြီး တကားကားနဲ့ ဟိုဟိုဒီဒီ လမ်းသလားလို့တောင် နေလိုက်ပါသေးတယ်။

တကယ်ဆို အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ရဲ့ဓမ္မဂုဏ် အရည်အသွေးနဲ့ အရှင်ဒေဝဒတ်ရဲ့အရည်အသွေး ဟာ နှိုင်းလို့မရအောင် ကွာခြားပါတယ်။ စစ်မှန်တဲ့ဓမ္မစွမ်းအားတွေ ပြည့်ဝမှီတည်နေတဲ့ မထေရ်မြတ်ကြီးများရဲ့ ကိုယ်နှုတ်အမူအယာတွေဟာလည်း ပုထုဇဉ်မျှသာဖြစ်တဲ့ အရှင်ဒေဝဒတ်ရဲ့ အသွင်အပြင် အမူအယာများနဲ့ နှိုင်းစာလျင် ပိုမိုတည်ငြိမ်နေမယ်ဆိုတာလည်း သံသယဖြစ်ဖွယ် မရှိနိုင်ပါဘူး။ သို့ပေမယ့် ဓမ္မဂုဏ်အရည်အသွေးထက် ရင်းနှီးကျွမ်းဝင်မှုကိုသာ ပိုမိုဦးစားပေးစဉ်းစားတဲ့ သူတွေရဲ့အမြင်မှာ မထေရ်မြတ်ကြီးများရဲ့ ဂုဏ်တွေက ထင်နိုင်တော့မည် မဟုတ်ပါဘူး။

တကယ်တော့လည်း သာမန်သူတွေရဲ့ ရတနာသုံးပါးကို ကိုးကွယ်မှုက ကိုးကွယ်မှုကြောင့် ရရှိနိုင်တဲ့ အဓိကပန်းတိုင်ကနေသွေဖယ်ပြီး အခြားမျှော်လင့်ချက် ပြည့်ဝနိုင်မှုဆီဖက်ကို ဦးတည်လို့သွားတတ်ပါတယ်။ ရှင်ဒေဝဒတ်ကို ကိုးကွယ်ကြသူတွေ အများစုရဲ့ မူလကိုးကွယ်မှုရည်ရွယ်ချက်ဟာ အရှင်ဒေဝဒတ်ဆီက ဒုမင်္ဂလ သုမင်္ဂလကိစ္စမျှလောက် ကူညီပေးမှုမျိုးလောက်ကိုမျှော်ကိုးပြီး ကိုးကွယ်ကြတာ ဟုတ်မယ်မထင်ပါဘူး။ သို့ပေမယ့် ရပိုင်ခွင့်တစ်ခုနဲ့ ကြုံလာတဲ့ အခါမျိုးမှာ အမှန်ဖြစ်သင့်တာထက် အကျွမ်းဝင်မှုက ရှေ့တန်းရောက်လာတာဖြစ်မယ်ထင်ပါတယ်။ ဒါကို ချစ်ခင်ရင်းနှီးမှုကြောင့် ဘက်လိုက်ခြင်း (ဆန္ဒာဂတိ)လို့ပြောနိုင်ပါလိမ့်မယ်။ အဲဒီလို အဂတိတရား တပါးပါးရှိလာပြီဆိုလျင်လည်း မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်နိုင်ဖို့ မဖြစ်နိုင်တော့ပါဘူး။ အမှန်တရားကို သိသည်ဖြစ်ပစေဦး။ အသိနောက်ကို အကျင့်က လိုက်နိုင်ဖို့က ခဲယဉ်းသွားပါတော့တယ်။

ရှင်ဒေဝဒတ်ကိုလှူဒါန်းဖို့ ဆန္ဒပေးကြသူတွေအနေနဲ့တော့ ရိုးရိုးသားသားပဲ ကိုယ်အားထားရာပုဂ္ဂိုလ်ကို လှူဒါန်းလိုကြတာ ဖြစ်ကောင်းဖြစ်မယ်။ သို့ပေမယ့် သူတို့တွေရဲ့ လှူဒါန်းမှုဟာ ဓမ္မနည်းလမ်းတော့ မကျဘူး။ ဓမ္မမျက်နှာထက် ပုဂ္ဂိုလ်မျက်နှာကို ရှုငဲ့ပြီး လှူဒါန်းတာမျိုးသာဖြစ်တယ်။ သန့်စင်တယ်လို့ မဆိုနိုင်ဘူး။

ဒီလိုဓမ္မနည်းလမ်းမကျဘူးဆိုတာကိုလည်း သူတို့တွေကိုယ်တိုင် သိကောင်းမှလည်းသိမယ်။ ချစ်ခင်ရင်းနှီးမှုတွေ၊ မုန်းတီးမှုတွေ၊ ကြောက်ရွံ့ထိတ်လန့်မှုတွေ၊ မသိနားမလည်မှုတွေ အားကြီးစွာရှိနေသေးသူတွေရဲ့ ဆုံးဖြတ်ချက်က အမှန်စစ်စစ်ဖြစ်နိုင်ဖို့၊ ဘက်လိုက်မှုကင်းဖို့ဆိုတာ ခဲယဉ်းတတ်ပါတယ်။ ချစ်ခင်သူတွေက နီးလျှင်နီးသလောက်၊ ကြောက်ရမည့်အရာတွေက နီးလျှင်နီးသလောက်၊ အားကြီးလျှင်အားကြီးသလောက် ပိုမိုပြီး အမှားဆုံးဖြတ်မှုတွေ ဖြစ်ပေါ်စေဖို့ အခွင့်အလမ်း ပိုများစေနိုင်ပါတယ်။ ဒါကြောင့်အရေးကြီးတဲ့ဆုံးဖြတ်ချက်မျိုးကို မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးနိုင်စေဖို့ဆိုလျှင် အဂတိတရားတွေ ကင်းနိုင်သမျှကင်းရှင်းစေနိုင်တဲ့ ပတ်ဝန်းကျင်မျိုးကို ဖန်တီးပေးသင့်ပါတယ်။ အဂတိတရားကင်းတဲ့၊ အဆုံးစွန်မကင်းသည့်တိုင် ဘက်လိုက်မှုနည်းတဲ့ ပတ်ဝန်းကျင်ကနေ ထွက်ပေါ်လာတဲ့ဆုံးဖြတ်ချက်မျိုးသာလျှင် စစ်မှန်ကောင်းမွန်တဲ့ ရလဒ်ကောင်းတွေဆီကို ဦးတည်သွားစေနိုင်ပါလိမ့်မယ်။

အရှင်ဒေဝဒတ်အဖို့တော့ အဘိုးတန်တဲ့အရာကို ရလိုက်လို့မို့ ယာယီခဏ ကျေနပ်သဘောကျ ဖြစ်သွားကောင်းဖြစ်သွားနိုင်တယ်။ သူ့ကိုလှူဒါန်းလိုတဲ့ဒကာတွေအတွက်လည်း သူတို့ဆန္ဒအတိုင်းဖြစ်သွားလို့ ကျေနပ်ကောင်း ကျေနပ်ကြလိမ့်မယ်။ သို့ပေမယ့်လည်း ဒါဟာကြီးမားစွာ ဆုံးရှုံးပျက်စီးဖို့အတွက် လမ်းစဖြစ်ကောင်းလည်း ဖြစ်နိုင်တယ်။ ဒီကစလို့ ကိုယ်နဲ့မတန်တဲ့အရာကို အင်အားနဲ့ရယူလျှင်ဖြစ်တာပဲဆိုတဲ့ ခံယူချက်မျိုး အရှင်ဒေဝဒတ်မှာ ကိန်းတည်သွားနိုင်တာလည်း ဖြစ်နိုင်တယ်။ နောင်မှာသူက မြတ်စွာဘုရားကိုတောင်မှ သာသနာတစ်ရပ်လုံး သူ့လက်အပ်ဖို့ လျှောက်ထားတောင်းဆိုတဲ့အထိဖြစ်လာတယ်။ သူတောင်းဆိုတာ မရတာကြောင့် မြတ်စွာဘုရားကို နည်းအမျိုးမျိုးနဲ့ အင်အားသုံးကာ လုပ်ကြံသတ်ဖြတ်ခြင်းအထိလည်း အတင့်ရဲလာတယ်။ နောက်ဆုံး အဝီစိငရဲအထိ ကျရောက်ခဲ့ရတာပင်လျှင် ဒီမတန်တဲ့အရာကို ပေးခဲ့လိုက်ခြင်း၊ ရရှိခဲ့ခြင်းက အစပြုခဲ့တာ ဖြစ်ကောင်းလည်းဖြစ်နိုင်ပါတယ်။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက
ဩဂုတ်လ၊ ၁၀၊ ၂၀၀၈